

ဥက္ကဋ္ဌ ဒီရက်တာ အက်ဖ် ဥခ္ခဒေါ့မှ
ပထမဥက္ကဋ္ဌအဖွဲ့၏ဒုတိယအတိုင်ပင်ခံ

# တပည့်တော်တစ်ယောက်၏အသက်တာ

လွန်ခဲ့သောနှစ်သုံးဆယ်က ဂါနာမှာ ဒိုးလို့ခေါ်တဲ့ကောလိပ်ကျောင်းသူလေးတစ်ယောက်ဟာ ၁ LDS ဝတ်ပြုစည်းဝေးဆောင်ထဲကို ပထမဆုံးအကြိမ်ဝင်လာခဲ့တယ်။ သူငယ်ချင်းတစ်ယောက်ကဒိုးကို သူနဲ့အတူလာဖို့ဖိတ်ခေါ်ခဲ့တယ်။ အသင်းတော်က ဘယ်လိုလဲဆိုတာဒိုးကသိပ်သိချင်ခဲ့တယ်။

အဲ့ဒီမှာရှိတဲ့သူတွေဟာအလွန်ကောင်းပြီး ရင်းနှီးဖော်ရွေတာကြောင့် "ဒါဘယ်လိုအသင်းတော်ပါလိမ့်"လို့ သူမသိချင်ခဲ့တယ်။

ဒိုးကအလွန်သဘောကျသွားပြီး ပျော်ရွှင်ခြင်းများဖြင့်ပြည့်နေတဲ့အသင်းတော်နှင့် အသင်းသားများအကြောင်းကို ပိုပြီးလေ့လာဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒါပေမယ့်သူမဒီလိုစတင်လိုက်တာနဲ့ သူမရဲ့မိသားစုနှင့် မိတ်ဆွေများက ကောင်းစေချင်တယ်ဆိုတဲ့ ရည်ရွယ်ချက်ပေးပြီး နည်းလမ်းမျိုးစုံဖြင့် စတင်ဆန့်ကျင်ကြတယ်။ သူတို့ကအသင်းတော်နှင့်ပတ်သက်တဲ့ ဆိုးရွားတဲ့အကြောင်းအရာတွေကို ပြောပြီး သူမကိုဖျောင်းဖျဖို့ သူတို့လုပ်နိုင်တာမှန်သမျှလုပ်ခဲ့တယ်။

ဒါပေမယ့်ဒိုးကသက်သေခံချက်ကိုရရှိခဲ့တယ်။

သူမမှာယုံကြည်ခြင်းရှိပြီး သူမရဲ့ဘဝကိုပျော်ရွှင်ခြင်းဖြင့်ပြည့်စေတဲ့ဧဝံဂေလိတရားကို ချစ်မြတ်နိုးတယ်။ ဒါကြောင့် သူမရေနှစ်ခြင်းခံခဲ့တယ်။

ထို့နောက် ဆုတောင်းခြင်းနှင့်လေ့လာခြင်းပေါ်မှာသူမကိုယ်သူမစိတ်နှစ်လိုက်တယ်။ သူမဘဝမှာ သန့်ရှင်းသောဝိညာဉ်တော်ရဲ့လွှမ်းမိုးမှုကို အစာရှောင်ပြီး ရှာဖွေခဲ့တယ်။ ရလဒ်အနေနဲ့ ဒိုးရဲ့သက်သေခံချက်နှင့် ယုံကြည်ခြင်းပိုခိုင်ခံ့ပြီး နက်ရှိုင်းလာခဲ့တယ်။ နောက်ဆုံးမှာ သူမဟာ သခင့်အတွက် အချိန်ပြည့်သာသနာပြုထမ်းဆောင်ဖို့ ဆုံးဖြတ်ခဲ့တယ်။

သူမသာသနာပြုခြင်းမှပြန်လာပြီးနောက် အစောပိုင်းနှစ်တွေကသူမကိုနှစ်ခြင်းပေးခဲ့တဲ့ သာသနာပြုန်တစ်ယောက်နဲ့တွေ့ဆုံပြီး လက်ထက်ခဲ့တယ်။ ပြီးတော့ သူတို့ နောက်ပိုင်းမှာ ဂျိုဟန်းနက်စ်ဘတ်မှာရှိတဲ့ အာဖရိကတောင်ပိုင်းဗိမာန်တော်မှာတံဆိပ်ခတ်ခဲ့တယ်။

ယေရှုခရစ်တော်၏ဧဝံဂေလိတရားရဲ့ပျော်ရွှင်ခြင်းကို ဒိုးခါရူ ပထမဆုံးတွေ့ကြုံလာခဲ့တာ နှစ်များစွာကြာခဲ့ပြီ။ အဲ့ဒီအချိန်တုန်းက ဘဝကသူမအတွက်အမြဲတမ်းချိုသာနေတာမဟုတ်ခဲ့ပါဘူး။ ကလေးနှစ်ယောက်ကိုဆုံးရှုံးခြင်းအပါအဝင် စိတ်နှလုံးကြေကွဲခြင်းနှင့်ဆုံးရှုံးခြင်းကိုသူမခံခဲ့ရတယ်။ ထိုအတွေ့အကြုံများရဲ့နက်ရှိုင်းတဲ့ဝမ်းနည်းခြင်းကသူမရဲ့နှလုံးသားကို လေးပင်စေတုန်းပဲဖြစ်တယ်။

ဒါပေမယ့်သူမနှင့်သူမခင်ပွန်း အန်သွန်နီဟာ သူတို့စိတ်နှလုံးအကြွင်းမဲ့ချစ်ရတဲ့ကောင်းကင်ဘုံရှင်အဖနှင့် သူတို့အချင်းချင်းနီးကပ်ဖို့ကြိုးပမ်းခဲ့တယ်။

ယနေ့ သူမရေနှစ်ခြင်းခံပြီးနှစ်သုံးဆယ်အကြာမှာ ညီအစ်မခါရူဟာ နိုင်ဂျီးရီးယားမှာ သာသနာပြုဥက္ကဋ္ဌ ဖြစ်တဲ့သူမခင်ပွန်းရဲ့ဘေးမှာ နောက်ထပ်အချိန်ပြည့်သာသနာပြုခြင်းကို မကြာသေးမီကပြီးဆုံးခဲ့တယ်။

ညီအစ်မခါရူ ကိုသိတဲ့သူများက သူမနဲ့ပတ်သက်တဲ့ ထူးခြားတဲ့အကြောင်းအရာတွေရှိတယ်လို့ ပြောကြတယ်။ သူမဟာ သိသာထင်ရှားတယ်။ သင်ကိုယ်တိုင်ပိုပျော်ရွှင်တာမခံစားရဘူးဆိုရင် သူမနှင့်အချိန်ယူဖို့ခက်ခဲတယ်။

သူမရဲ့သက်သေခံချက်ကမှန်ကန်တယ် "ကယ်တင်ပိုင်ရှင်ကကျွန်မကိုသူ့ရဲ့သမီး၊ မိတ်ဆွေအဖြစ် မြင်တယ်ဆိုတာ ကျွန်မသိတယ်။ (မိုဖိုင်းယား ၅း၇၊ အီသာ ၃း၁၄ ကိုကြည့်ပါ။)" လို့သူမပြောတယ်။ "ပြီးတော့ ကျွန်မသင်ယူနေပြီး သူ့ရဲ့မိတ်ဆွေဖြစ်ဖို့လည်း အပြောနဲ့သာမက အလုပ်နဲ့ကြိုးစားနေတယ်။"

**ကျွန်တော်တို့သည်တပည့်တော်များဖြစ်ကြသည်။**

ညီအစ်မခါရူရဲ့အဖြစ်အပျက်ကတခြားသူတွေနဲ့လည်း ဆင်တူပါတယ်။ သူမမှာအမှန်တရားကို သိချင်တဲ့ဆန္ဒရှိတယ်။ ဝိညာဉ်အလင်းရရှိဖို့အဖိုးအခကိုသူမပေးခဲ့တယ်။ ဘုရားသခင်နှင့် အခြားသူများအပေါ်ထားတဲ့ သူမရဲ့ချစ်ခြင်းကိုလုပ်ဆောင်ပြသတယ်။ အဲ့ဒီလိုလုပ်ဆောင်နေစဉ်မှာ ခက်ခဲမှုများနှင့် ဝမ်းနည်းမှုများကိုတွေ့ကြုံခဲ့တယ်။

ဒါပေမယ့် ဆန့်ကျင်ဘက်များရှိနေပါစေ၊ ဝမ်းနည်းခြင်းများရှိနေပါစေ ယုံကြည်ခြင်းဖြင့် သူမရှေ့ဆက်ခဲ့တယ်။ ပြီးတော့ ထိုကဲ့သို့အရေးကြီးတဲ့ သူမရဲ့ပျော်ရွှင်ခြင်းကိုလည်း ဆက်လက်ထိန်းထားခဲ့တယ်။ ထိုအရာများဖြစ်ခဲ့သော်လည်း ဘဝရဲ့ခက်ခဲမှုများကိုခံနိုင်ရန်သာမက တိုးတက်လာဖို့နည်းလမ်းတစ်ခုကိုသူမရှာဖွေတွေ့ရှိခဲ့တယ်။

သူမရဲ့အဖြစ်အပျက်က သင်နှင့်ကျွန်ုပ်တို့ကဲ့သို့ ဆင်တူတယ်။

ကျွန်တော်တို့ရဲ့ဘဝခရီးဟာ ချောမွေ့ပြီး စုံစမ်းခြင်းကင်းဝေးတယ်ဆိုတာရှားပါတယ်။

ကျွန်တော်တို့အယောက်တိုင်းမှာ ကျွန်တော်တို့ရဲ့ပူဆွေးသောကများ၊ ကျွန်တော်တို့ရဲ့ စိတ်ဓာတ်ကျခြင်းနှင့် ကျွန်တော်တို့ရဲ့ ဝမ်းနည်းကြေကွဲခြင်းများရှိကြပါတယ်။

ကျွန်တော်တို့ စိတ်ပျက်အားလျော့ပြီး တစ်ခါတစ်ရံစိတ်ဖိစီးတာခံစားရနိုင်တယ်။

ဒါပေမယ့် တပည့်တော်တစ်ယောက်၏အသက်တာနှင့်အသက်ရှင်သောသူများဟာ သစ္စာရှိစွာကျန်ရှိနေပြီး ယုံကြည်ခြင်းဖြင့် ရှေ့ဆက်သူများ၊ ဘုရားသခင်ကိုယုံကြည်ပြီး သူ့ရဲ့ပညတ်တော်များကို စောင့်ထိန်းသူများ၊[၁] နေ့ရက်တိုင်း အချိန်တိုင်း ဇဝ်ဂေလိတရားဖြင့် အသက်ရှင်သူများ၊ သူတို့အနီးမှာရှိတဲ့သူများကိုခရစ်တော်ကဲ့သို့အစေခံပေးသူများ၊ တစ်ကြိမ်လျှင်တစ်ခါ ကောင်းမွန်သောဆောင်ရွက်မှုပြုလုပ်ပြီး သူတို့ရဲ့သေးငယ်သောလုပ်ရပ်လေးများက မကြာခဏ ပြောင်းလဲမှုကြီးကို ပြုလုပ်သူများဖြစ်တယ်။

နည်းနည်းပိုပြီး ကြင်နာသူများ၊ ပိုပြီး ခွင့်လွှတ်ပေးသူများနှင့် ပိုပြီး သနားစုံမက်သူများဟာ သနားစုံမက်ခြင်းကိုရရှိလိမ့်မယ်။[၂] ဤကမ္ဘာကိုပိုကောင်းတဲ့နေရာဖြစ်အောင် ပြုလုပ်နေသူများ၊ တစ်ကြိမ်လျှင်တစ်ခါ ဂရုစိုက်ပြီးချစ်ခြင်းဖြင့်ပြုမူသူနှင့် ယေရှုခရစ်တော်၏ တပည့်တော်တစ်ယောက်ရဲ့ကောင်းကြီးခံစားရသော၊ ကျေနပ်ဖွယ်ကောင်းသော၊ ငြိမ်းချမ်းသောဘဝနှင့် အသက်ရှင်ဖို့ကြိုးပမ်းနေသူများဟာ အဆုံးမှာပျော်ရွှင်မှုရရှိလာမည့် သူများဖြစ်တယ်။

"လူသားတွေရဲ့နှလုံးသားထဲမှာသွန်းခဲ့တဲ့ ဘုရားသခင်ရဲ့ချစ်ခြင်းမေတ္တာဟာ အရာအားလုံးထက် မက်မောဖွယ်အကောင်းဆုံး စိတ်ဝိညာဉ်အတွက်ဝမ်းမြောက်ဖွယ်အကောင်းဆုံးဖြစ်တယ်။"[၃] ဆိုတာသူတို့သိလာလိမ့်မယ်။

မှတ်ချက်များ

၁။ မိုဖိုင်းယား ၄း၆ ကိုကြည့်ပါ။

၂။ ရှင်မဿဲခရစ်ဝင် ၅း၇ ကိုကြည့်ပါ။

၃။ နီဖိုင်း ပထမစာစောင် ၁၁း၂၂-၂၃

---

### ဤသတင်းကောင်းမှသွန်သင်ချက်

တပည့်တော်ဖြစ်လမ်းကြောင်းကခက်ခဲတယ် ဒါပေမယ့် "အဆုံးမှာပျော်ရွှင်မှုရရှိလာမည့် သူများဟာ ယေရှုခရစ်တော်၏တပည့်တော်တစ်ယောက်ရဲ့ငြိမ်းချမ်းသောဘဝ" မှာအသက်ရှင်နေသူများ ဖြစ်တယ်လို့ ဥက္ကဋ္ဌ ဥဒ္ဒေါ့ကကျွန်တော်တို့ကိုသင်ကြားပေးတယ်။ ဘဝရဲ့စမ်းသပ်မှုများရှိသော်လည်း ယေရှုခရစ်တော်၏ စစ်မှန်သောတပည့်တော်တစ်ယောက်ဟာ ငြိမ်းချမ်းခြင်းနှင့် ပျော်ရွှင်ခြင်းကို ဘယ်လိုရှာဖွေနိုင်လဲဆိုတာကိုပြသဖို့ ဥက္ကဋ္ဌ ဥဒ္ဒေါ့ပြောတဲ့ ဒိုးရဲ့အဖြစ်အပျက်လိုပဲ ဘာကြောင့်ခရစ်တော်နောက်လိုက်ဖို့ သင်ရွေးချယ်ပြီး သူကသင့်ကို ဘယ်လိုခိုင်ခံ့စေလဲဆိုတဲ့အကြောင်း သင့်ကိုယ်ပိုင်ဘဝမှအဖြစ်အပျက်ကိုဝေမျှဖို့ သင်စဉ်းစားနိုင်တယ်။ သင့်ကိုဝိညာဉ်တော်က ဦးဆောင်တဲ့အခါ ကိုယ်ပိုင်အဖြစ်အပျက်များဝေမျှခြင်းက သင် သင်ပေးတဲ့သူများကို ခိုင်ခံ့စေတယ်။

## လူငယ်များ

### ယေရှုခရစ်တော်၏တပည့်တော်တစ်ယောက်အဖြစ်ပျော်ရွှင်မှု

သင့်မှာဆိုးတဲ့နေ့ရက်ရှိခဲ့ဖူးလား။ စိတ်ရွှင်လန်းလာဖို့သင်ဘာကိုလုပ်ဆောင်ခဲ့သလဲ။ "ကျွန်တော်တို့အယောက်တိုင်းမှာ ကျွန်တော်တို့ရဲ့ပူဆွေးသောကများ၊ ကျွန်တော်တို့ရဲ့စိတ်ဓာတ်ကျခြင်းနှင့် ကျွန်တော်တို့ရဲ့ ဝမ်းနည်းကြေကွဲခြင်းများရှိကြပါတယ်။ ကျွန်တော်တို့ စိတ်ပျက်အားလျော့ပြီး တစ်ခါတစ်ရံစိတ်ဖိစီးတာခံစားရနိုင်တယ်။" ဆိုတာဥက္ကဋ္ဌ ဥဒ္ဒေါ့က သိပါတယ်။

"သစ္စာရှိစွာကျန်ရှိနေပြီး ယုံကြည်ခြင်းဖြင့်ရှေ့ဆက်ပါ။" ဆိုတဲ့ သူခေါ်တဲ့ "တပည့်တော်တစ်ယောက်၏ အသက်တာ" ဖြင့်အသက်ရှင်ဖို့ က သူ့ရဲ့ဖြေရှင်းချက်ဖြစ်တယ်။ ကျွန်တော်တို့ယုံကြည်ခြင်းဖြင့် ရှေ့ဆက်တဲ့အခါ ဘုရားသခင်ကိုယုံကြည်စိတ်ချလာတယ်၊ သူ့ရဲ့ပညတ်တော်များကိုစောင့်ထိန်းပြီး အခြားသူများကိုအစေခံကာ ထိုအရာများပြုလုပ်သည့်တစ်လျှောက်ပျော်ရွှင်ခြင်းကိုခံစားနိုင်တယ်။

ဥက္ကဋ္ဌ ဥဒ္ဒေါ့ပြောသကဲ့သို့ "တပည့်တော်တစ်ယောက်၏ အသက်တာဖြင့်အသက်ရှင်သူတို့ဟာ သူတို့ရဲ့သေးငယ်သောလုပ်ရပ်လေးများက မကြာခဏ ပြောင်းလဲမှုကြီးကို ပြုလုပ်သူများဖြစ်တယ်။"

တပည့်တော်တစ်ယောက်၏ အသက်တာဖြင့်သင်အသက်ရှင်နိုင်တဲ့နည်းလမ်းများကို စာရင်းပြုစုဖို့ စဉ်းစားကြည့်ပါ။ ဥပမာအားဖြင့် "ညစာပြင်ဆင်ဖို့မိဘကိုကူညီပါ။"ကဲ့သို့သော အစေခံတဲ့စိတ်ကူးကို ရေးချနိုင်ပါတယ်။ သို့မဟုတ် "ကျွန်တော့်ရဲ့မောင်နှမတွေကိုပိုပြီးသည်းခံနိုင်ဖို့ ဆုတောင်းခြင်း" ကဲ့သို့သော ပညတ်တော်များကို စောင့်ထိန်းတဲ့စိတ်ကူးကို ရေးချနိုင်ပါတယ်။ နောက်တစ်ခါ သင်အလိုမကျဖြစ်လျှင် သို့မဟုတ်သောကဖိစီးလျှင် သင့်ရဲ့စာရင်းကိုဆွဲထုတ်ပြီး အချက်တစ်ချက်ကိုရွေးကာလုပ်ဆောင်ကြည့်ပါ။

## ကလေးများ

### ပျော်ရွှင်ခြင်းနှင့်ဝမ်းနည်းခြင်းအချိန်များ

တချို့သောနေ့တွေမှာ ပျော်စရာသိပ်မကောင်းတဲ့အခိုက်အတန့်တွေရှိတယ်။ ဒါကရပါတယ်။ ယေရှုကထိုအရာများကိုဖြတ်ကျော်ဖို့သင့်ကိုကူညီပေးနိုင်တယ်။

မျက်မှောင်ကြုတ်နေသည့်မျက်နှာတစ်ခုကိုဆွဲပါ။ ယေရှုကသင်ဝမ်းနည်းတဲ့အခါသင့်ကိုဘယ်လို ကူညီနိုင်သလဲ။ ယခုပြုံးနေသည့်မျက်နှာတစ်ခုကိုဆွဲပါ။ ယေရှုကသင့်ကိုပျော်ရွှင်အောင်ဘယ်လို ကူညီနိုင်သလဲ။

© ၂၀၁၇ မှတ်ပုံတင်ပြီးမူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ်ထုတ်ဝေသည်။ အင်္ဂလိပ်ဘာသာခွင့်ပြုချက်: ၆/၁၆၊ ဘာသာပြန်ခွင့်ပြုချက် ၆/၁၆၊ ၉၇၉၂၈ ၀၀၀ အားဘာသာပြန်ထားခြင်း။

# ဆက်ကပ်သောအသက်တာဖြင့်အသက်ရှင်ခြင်း

**ယုံကြည်ခြင်း မိသားစု သက်သာမှု**

*ဒီအကြောင်းအရာကိုဆုတောင်းလေ့လာပြီး ဝေမျှရမယ့်အရာကိုသိဖို့လမ်းညွှန်ချက်အတွက်ရှာဖွေပါ။*

*ဂရုဏာအဖွဲ့ရဲ့ရည်ရွယ်ချက်ကိုနားလည်ခြင်းက ဘုရားရဲ့သမီးများကို ထာဝရအသက်ကောင်းကြီး ရဖို့အတွက် မည်သို့ပြင်ဆင်ပေးမည်နည်း။*

"ဆက်ကပ်ခြင်းဆိုတာ မြင့်မြတ်သော၊ သန့်ရှင်းသောရည်ရွယ်ချက်များအတွက် ပေးအပ်မြုပ်နှံထားသကဲ့သို့ အရာတစ်ခုအပေါ်စိတ်နှစ်ခြင်း သို့မဟုတ် သီးသန့်ရွေးချယ်ခြင်းဖြစ်တယ်။" လို့ တမန်တော်ဆယ့်နှစ်ပါးအဖွဲ့ဝင် အယ်လ်ဒါ ခရစ်စတိုဖာဆန်က ပြောခဲ့တယ်။ "ဤဘဝမှာမှန်ကန်သောအောင်မြင်မှုက ဘုရားသခင်၏ရည်မှန်းချက်များအပေါ် ကျွန်တော်တို့ရဲ့ဘဝမှာ ကျွန်တော်တို့၏အချိန်နှင့်ရွေးချယ်မှုများကို ဆက်ကပ်ခြင်းမှလာတယ်။"၁

"ဘုရားသခင်ညွှန်ကြားသည့်အခါ ကျွန်တော်တို့ဟာဆက်ကပ်ခြင်းကိုကျွန်တော်တို့ရဲ့ပိုင်ဆိုင်မှုများကို စွန့်လွှတ်ခြင်းလို့ တွေးတတ်ကြတယ်။ သို့သော် အမြင့်ဆုံးဆက်ကပ်ခြင်းကဘုရားသခင်အတွက် မိမိကိုယ်ကိုစွန့်လွှတ်ခြင်းဖြစ်တယ်။"၂ လို့ တမန်တော်ဆယ့်နှစ်ပါးအဖွဲ့ဝင် အယ်လ်ဒါ နီးလ် အေ မက်စ်ဝဲလ် (၁၉၂၆-၂၀၀၄)က ပြောခဲ့တယ်။

ဘုရားသခင်၏ရည်မှန်းချက်များအပေါ် ကျွန်တော်တို့ကိုယ်ကိုဆက်ကပ်လျှင် ယေရှုခရစ်တော်နှင့် သူ၏အပြစ်ဖြေခြင်း၌ကျွန်တော်တို့ရဲ့ ယုံကြည်ခြင်းတိုးပွားလာမယ်။

ဆက်ကပ်သောအသက်တာဖြင့် အသက်ရှင်တဲ့အခါ ထိုအပြုအမူများအားဖြင့် ကျွန်တော်တို့ကိုသန့်ရှင်းစေလာနိုင်တယ်။

"'ပဋိညာဉ်များကိုကျွန်တော်တို့ပြုလုပ်ပြီးစောင့်ထိန်းတဲ့အခါ ကျွန်တော်တို့ဟာ လောကမှ ထွက်လာပြီး ဘုရားသခင်၏နိုင်ငံတော်သို့သွားနေကြတယ်။' လို့ အယ်လ်ဒါ ရောဘတ် ဒီ ဟေးလ် ကသင်ကြားပေးခဲ့တယ်လို့ ဂရုဏာအသင်းပထမညွှန်ကြားမှုအဖွဲ့၏ ပထမအတိုင်ပင်ခံ ကယ်ရို အမ် စတီဖန်စ်ကပြောကြားခဲ့တယ်။

"ကျွန်မတို့ဟာပြောင်းလဲကြတယ်။ ကျွန်မတို့ကိုကြည့်ရတာကွဲပြားပြီး ကျွန်မတို့ပြုမူတာ ကွဲပြားတယ်။ ကျွန်မတို့နားထောင်တာ၊ ဖတ်တာနဲ့ ပြောတာကွဲပြားကြပြီး ကျွန်မတို့ဟာပဋိညာဉ်အားဖြင့် ဘုရားသခင်နှင့်ချည်နှောင်ထားသော ဘုရားသခင်၏သမီးများဖြစ်လာသောကြောင့် ကျွန်မတို့ဝတ်ဆင်တာကွဲပြားတယ်။"၃

ဆက်ကပ်ခြင်းဟာ ဘုရားသခင်ပြုသောပဋိညာဉ် ဖြစ်တယ်။ "ဣသရေအမျိုးသားတို့၌ ငါပေးအပ်သောပဋိညာဉ်တရားဟူမူကား၊ ငါထာဝရဘုရားသည် ငါ၏ပညတ်တရားကို သူတို့အတွင်းထဲသို့သွင်းမည်။ သူတို့နှလုံးပေါ်မှာ ရေးထားမည်။ ငါသည် သူတို့၏ ဘုရားဖြစ်သည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်။" (ယေရမိအနာဂတ္တိကျမ်း ၃၁း၃၃)။ ဆက်ကပ်သောအသက်တာဖြင့်အသက်ရှင်ခြင်းသည် ကျွန်တော်တို့အတွက်ဘုရားသခင်၏ အကြံအစည်တော်နှင့်လိုက်လျောညီထွေအောင် နေခြင်းဖြစ်တယ်။

***ထပ်၍ပေါင်းထည့်ထားသောကျမ်းချက်များ***

သက်သာလောနိတ်ဩဝါဒစာပဌမစောင် ၁း၃၊ ယုံကြည်ခံယူချက်နှင့် ပဋိညာဉ်ကျမ်း ၁၀၅း၅

**မှတ်ချက်များ**

၁။ ဒီ တော့ဒ် ခရစ်စတိုဖာဆန်၊ "ဆက်ကပ်သောအသက်တာအပေါ်ပုံရိပ်များ" လီရာဟိုနာ၊ နိုဝင်ဘာလ ၂၀၁၀၊ ၁၆။
၂။ နီးလ် အေ မက်စ်ဝဲလ်၊ "သင်၏ဆောင်ရွက်မှုအားဆက်ကပ်ပါ။" လီရာဟိုနာ၊ ဇူလိုင်လ ၂၀၀၂၊ ၃၉။
၃။ ကယ်ရို အမ် စတီဖန်စ်၊ "ကျွန်မတို့၏တာဝန်ဝတ္တရားများအတွက်နိုးထခြင်း" လီရာဟိုနာ၊ ဇူလိုင်လ ၂၀၁၂၊ ၁၁၅-၁၆။

***ဒါကိုစဉ်းစားဆင်ခြင်ပါ။***

ဘုရားသခင်၏အလိုတော်ကိုပြုလုပ်ခြင်းက ကျွန်တော်တို့ကိုသူကဲ့သို့ဖြစ်လာရန်ဘယ်လိုကူညီလဲ။

© ၂၀၁၇ မှတ်ပုံတင်ပြီးမူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ်ထုတ်ဝေသည်။ အင်္ဂလိပ်ဘာသာခွင့်ပြုချက်: ၆/၁၆၊ ဘာသာပြန်ခွင့်ပြုချက် ၆/၁၆၊ ၉၇၉၂၈ ၀၀၀ အားဘာသာပြန်ထားခြင်း။